# ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ

ယနေ့ကမ္ဘာပေါ်တွင် သက်ရှိသက်မဲ့အရာများအားလုံးသည် အပြန်အလှန်မှီခိုဆက်စပ်နေပြီး ကမ္ဘာပေါ်ရှိ လူသားလူထုတစ်ရပ်လုံး၏ ကောင်းကျိုးတည်တံ့ခိုင်မြဲရေးအတွက် လူတိုင်းတွင်တာဝန်ရှိကြောင်းကို ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုစာချွန်လွှာတွင် ဖော်ပြထားသည်။ သမိုင်းတလျှောက်တွင် အရေးကြီးသောရွေးချယ်ဆုံးဖြတ်မှုကိုပြုလုပ်ရမည့် ဤကာလတွင် တစ်ကမ္ဘာလုံး(လူသားတရပ်လုံး) ပူးပေါင်းဆောင်ရွက်သွားနိုင်စေရန် ဤစာချွန်လွှာက ခေါ်ဆိုလျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုစာချွန်လွှာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူ့အခွင့်အရေး၊ ညီညွတ်မျှတသော လူသားတို့ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့မှာ ခွဲခြား၍မရအောင်ဆက်စပ်နေကြောင်းကို ကမ္ဘာ့ကျင့်ဝတ်အမြင်ဖြင့် တင်ပြထားသည်။ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန်၊ ကိုင်တွယ်ဖြေရှင်းရန်နှင့် ကြာရှည်ခံသော ဖွံ့ဖြိုးတိုးတက်မှု အယူအဆများကို ကျယ်ပြန့်စွာရှင်းလင်းဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်စာချွန်လွှာကို ၁၉၉၂ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံမှ အစပြုခဲ့သည်။ ၁၉၉၄ခုနှစ်တွင် ဤစာချွန်လွှာကို ကမ္ဘာ့ထိပ်သီးညီလာခံ၏ အထွေထွေအတွင်းရေးမှူးနှင့် ကမ္ဘာ့ကောင်စီသဘာပတိဖြစ်သူ မောရစ်စထရောင်း(Maurice Strong)နှင့် အပြည်ပြည်ဆိုင်ရာအစိမ်းရောင်(ဂေဟဗေဒ) အဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ မီခေးဂေါ်ဘာချော့ဗ်တို့က စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်လုပ်ငန်းစဉ်တစ်ရပ်ကို ဒတ်ချ်အစိုးရ၏ထောက်ပံ့မှုဖြင့် ဟော့ဂ်နယ်(Hague)တွင်စတင်ခဲ့သည်။ ၁၉၉၇တွင် စီမံကိန်းကို ဦးစီးရန် ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်ရေးဆွဲရေးကော်မရှင်ကိုဖွဲ့စည်းကာ ကိုစတာရီကာတွင်ကျင်းပသော ကမ္ဘာ့ကောင်စီအစည်းအဝေးကြီး၌ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်ရေးဆွဲရေးအဖွဲ့ အတွင်းရေးမှူးကို ရွေးချယ်ခန့်အပ်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်စာချွန်လွှာရေးဆွဲရေးညီလာခံတွင် အဖွဲ့ဝင်များအားလုံး လွတ်လပ်စွာ အပွင့်လင်းဆုံးနှင့် အတက်ကြွဆုံးပါဝင်ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာတစ်ဝှမ်းမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ အမျိုးမျိုးသောယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းအလွှာပေါင်းစုံမှ ဘိုးဘွားတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ ထောင်နှင့်ချီ၍တက်ရောက်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာလူ့အဖွဲ့အစည်းပေါ်ထွက်လာရေးအတွက် မျှော်လင့်ချက်စိတ်ဆန္ဒ ပြင်းပြနေကြကြောင်း ထင်ရှားစွာတွေ့ရသည်။ ဤကား လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိသော ကမ္ဘာတစ်ဝှမ်းလုံးရှိ လှုပ်ရှားမှုကြီးများ၏ တစ်စိတ်တစ်ဒေသ(တစ်ရပ်တစ်ရပ်) ပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်စာချွန်လွှာကို ၂၀၀၀ခုနှစ် မတ်လတွင် အဆုံးသတ်ထုတ်ပြန်နိုင်ခဲ့သည်။ တည်တံ့ခိုင်မြဲသော သက်ရှိလူနေမှုဘဝကိုတည်ဆောက်ရန် အသိတရားနှင့် ခံယူချက်ကိုမြှင့်တင်ပေးရန်အတွက် ကမ္ဘာ့လူသားများအားလုံး၏ သဘောတူညီချက်အသွင်ဖြင့် ဤကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်လုပ်ငန်းစဉ်သစ်ကို စတင်ခဲ့ကြပြီဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် အချင်းချင်းမှီခိုအားကိုးလာပြီး ပျက်စီးပြိုကွဲတော့မည့်အခြေအနေကို ဆိုက်ရောက်နေသောကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် တည်တံ့ခိုင်မြဲမှုတို့ အားပြိုင်လျက်ရှိပေသည်။ ဤအချိန်အခါသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် အနာဂတ်အခြေအနေတစ်ရပ်ကို ရွေးချယ်ကြရမည့်ကာလတစ်ခုပင်ဖြစ်ပါသည်။ ဆက်လက်၍ လူမှုဘဝနှင့် အရောင်အသွေးကွဲပြားစုံလင်သော ကမ္ဘာကြီးတွင် ကျွန်ုပ်တို့လူသားထုတစ်ရပ်လုံးသည် အမိကဦးတည်ချက်တူညီသော ဘဝတူမိသားစုကြီးတစ်ခုပင်ဖြစ်ပါသည်။ သဘာဝတရား၊ ကမ္ဘာ့လူ့အခွင့်အရေး၊ စီးပွားရေးတရားမျှတမှု၊ ငြိမ်းချမ်းသာယာသော ယဉ်ကျေးမှုဓလေ့တို့ကို တန်ဖိုးထားသော ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်ကို ကျွန်ုပ်တို့အားလုံးပူးပေါင်းဖွဲ့စည်းတည်

ဆောက်သွားရန် လိုပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့ကမ္ဘာ့လူသားအားလုံးသည် မိမိတို့တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ ပိုမိုကြီးမားသောလူ့အဖွဲ့အစည်းအတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရန်လိုအပ်ပေသည်။

## ကျွန်ုပ်တို့ကမ္ဘာမြေ

လူသားများသည် စကြဝဠာကြီး၏တစ်စိတ်တစ်ဒေသဖြစ်ပြီး ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးမှာ ထူးခြားသော သက်ရှိအဖွဲ့အစည်းများဖြင့် သက်ဝင်လှုပ်ရှားနေသောဂြိုလ်ကြီးတစ်ခုဖြစ်ပေသည်။ သဘာဝတွန်းအားများက သက်ရှိများကို မရေရာသောဖန်တီးစွမ်းဆောင်လိုမှုများဖြစ်အောင် လှုံ့ဆော်ပေးလျက်ရှိသည်။ သက်ရှိတို့ကျင်လည်ပေါက်ဖွားရန်အတွက် အခြေခံလိုအပ်ချက်များကိုမူ ကမ္ဘာကြီးက ပံ့ပိုးပေးပြီးဖြစ်သည်။ ဆုတ်ယုတ်ကျဆင်းလာသော ကမ္ဘာကြီးအား နဂိုမူလအနေအထားအတိုင်းပြန်လည်ရုပ်တည်စေရန်နှင့် လူသားတို့၏ဘဝတိုးတက်ကောင်းစားရေးသည် ယနေ့သက်ရှိပတ်ဝန်းကျင်၊ အမျိုးကွဲပြားစုံလင်သော အပင်နှင့်တိရစ္ဆာန်များ၊ ရေထုလေထုသန့်ရှင်းမှုတို့ကို စနစ်တကျကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှုအပေါ် မူတည်ပေသည်။ ကမ္ဘာ့ပတ်ဝန်းကျင်နှင့် အကန့်အသတ်ရှိသောသဘာဝသယံဇာတအရင်းအမြစ်များကိုစနစ်တကျသုံးစွဲရေးသည် ယနေ့ကမ္ဘာ့လူသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ သက်ရှိကမ္ဘာကြီး၏ သက်ရှင်တည်တံ့နိုင်မြဲရေး၊ ကမ္ဘာပေါ်ရှိအမျိုးအစားနှင့် အရောင်အသွေးကွဲပြားစုံလင်လှပသော သဘာဝပတ်ဝန်းကျင်ကြီးကို ကာကွယ်ထိန်းသိမ်းခြင်းသည် မွန်မြတ်သောခံယူချက်ပင်ဖြစ်သည်။

## ကမ္ဘာကြီး၏အခြေအနေ

ကမ္ဘာကိုလွှမ်းမိုးထားသောကုန်ထုတ်လုပ်မှုနှင့် သယံဇာတသုံးစွဲမှုစနစ်များသည် ပတ်ဝန်းကျင်ဆုတ်ယုတ်မှု၊ သဘာဝအရင်းအမြစ်ပြုန်းတီးမှု၊ မျိုးဆက်ကွာဟမှုများကို ကြီးထွားစေသည်။ လူ့အဖွဲ့အစည်း၏စံနှုန်းများလျော့ကျလာသည်။ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကိုမျှတစွာခွဲဝေခံစားရခြင်းမရှိသောကြောင့် ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးမားလာသည်။ မတရားမှု၊ ရာဇဝတ်မှု၊ ဆင်းရဲနွမ်းပါးမှု၊ လူတန်းစားခွဲခြားမှုတို့ ပိုမိုများပြားလာသည်။ သမိုင်းတွင်အစဉ်အလာမရှိခဲ့ဖူးသော လူဦးရေအလွန်အမင်းတိုးတက်လာမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစနစ်များကို ပိုမိုရှုပ်ထွေးစေခဲ့သည်။ ကမ္ဘာပေါ်တွင် လုံခြုံစိတ်ချမှု ကင်းမဲ့နေသည်။ ဤအကြောင်းများသည် အန္တရာယ်ကြီးမားသော အခြေအနေများပင်ဖြစ်သည်။ သို့သော် အခြေအနေကိုပြုပြင်ပြောင်းလဲရန် ရနိုင်ပါသည်။

## အနာဂတ်စိန်ခေါ်သံ

ယနေ့ကမ္ဘာကြီး၏သဘာဝပတ်ဝန်းကျင်နှင့် လူသားအချင်းချင်းအပြန်အလှန်စောင့်ရှောက်ကူညီရေးအတွက် တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ကျွန်ုပ်တို့၏ဘဝပျက်စီးဆုံးရှုံးမှုနှင့် အသွင်ကွဲပြားစုံလင်သော သဘာဝသက်ရှိလောကကြီးပျက်စီးခြင်းကို လက်လျော့အရှုံးပေးရန် ကျွန်ုပ်တို့ တစ်ခုခုရွေးချယ်ကြရပေမည်။ ကျွန်ုပ်တို့၏လူနေမှုစနစ်၊ လူမှုရေးစည်းမျဉ်းမူဝါဒနှင့် စံထားသတ်မှတ်ချက်ပုံစံများကို အခြေခံမှစ၍ ပြုပြင်ပြောင်းလဲပစ်ရန် လိုအပ်ပေသည်။ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးရာတွင် လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပိုမိုပွားများသက်ရှင်တည်ရှိတည်မြဲခြင်းသာဖြစ်ပြီး ပိုမိုပိုင်ဆိုင်ခြင်းမဟုတ်ကြောင်း အထူးသတိပြုရပေမည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသော ပျက်ဆီးဆုတ်ယုတ်မှုများကို လျော့ချရန်နှင့် သက်ရှိလူသားတိုင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော နည်းပညာဗဟုသုတများကို ကျွန်ုပ်တို့ပိုင်ဆိုင်ထားပေသည်။ ကမ္ဘာ့မြို့ပြလူ့အဖွဲ့အစည်းပေါ်ပေါက်လာခြင်းကြောင့် ဒီမိုကရေစီနည်းလမ်းကျပြီး လူသားဆန်သော(တရားမျှတသော) လူ့ကမ္ဘာကြီးကိုတည်ဆောက်နိုင်ရန် အခွင့်အလမ်းများ ပေါ်ထွက်လာပေသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စိတ်ဝိညာဉ်ရေးရာပြဿနာများသည် အချင်းချင်းဆက်စပ်လျက်ရှိရာ ထိုပြဿနာများအားလုံးအတွက် အကျုံးဝင်သောအဖြေကို လက်တွဲရှာဖွေဖော်ထုတ်လုပ်ဆောင်ရမည်ဖြစ်သည်။

## ကမ္ဘာ့လူသားတိုင်းအတွက်တာဝန်

အဆိုပါရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ ဒေသန္တရလူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးတစ်ခုလုံးအတွက် တာဝန်ယူပါဝင်လုပ်ဆောင်ရန်လိုပါသည်။ ကျွန်ုပ်တို့သည် နေထိုင်ရာတိုင်းနိုင်ငံကွဲပြားခြားနားသော်လည်း နိုင်ငံများအချင်းချင်းဆက်စပ်လျက်ရှိသော ကမ္ဘာသားများပင်ဖြစ်သည်။ လူသားထုနှင့် သက်ရှိကမ္ဘာကြီး၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကောင်းစားတိုးတက်ရေးအတွက် ကျွန်ုပ်တို့လူသားတိုင်းတွင် တာဝန်ရှိကြသည်။ ကျွန်ုပ်တို့သည် သက်ရှိကမ္ဘာကြီးအား တန်ဖိုးထားခြင်း၊ လူ့ဘဝကိုပိုင်ဆိုင်ခြင်းအတွက်ကျေးဇူးတင်ခြင်း(လူ့ဘဝကိုမြတ်နိုးတန်ဖိုးထားခြင်း)၊

သဘာဝပတ်ဝန်းကျင်မှ လူသားတို့၏အခန်းကဏ္ဍကိုအသိအမှတ်ပြုလေးစားခြင်းရှိလျှင် လူသားအချင်းချင်းစည်းလုံးညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှုကို အားပေးဖော်ဆောင်နိုင်ပေသည်။

ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးအတွက် အခြေခံကျင့်ဝတ်စည်းကမ်းနှင့် အခြေခံစံထားမှုတန်ဖိုးများကို ဝေမျှသုံးသပ်နိုင်ရန် အရေးတကြီးလိုအပ်လာနေသည်။ ထို့ကြောင့် ဗိုမိုတည်တံ့နိုင်မြဲသောဘဝကို တည်ဆောက်နိုင်ရန်ရည်ရွယ်လျက် လူတစ်ဦးစီ၏အမှုအကျင့်၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရနှင့် နိုင်ငံရာအဖွဲ့အစည်းများ၏ အမှုအရာများကို လမ်းညွှန်ဖော်ထုတ်ပေးမည့် ယေဘုယျစည်းမျဉ်းစံတစ်ရပ်ကို အတည်ပြုထုတ်ပြန်ခြင်းဖြစ်ပါသည်။

## စည်းမျဉ်းများ

### ၁။ သက်ရှိအဖွဲ့အစည်းကို တန်ဖိုးထားလေးစားစောင့်ရှောက်ခြင်း

(၁) ကမ္ဘာမြေအား လေးစားစောင့်ရှောက်ခြင်း

(က) သက်ရှိအားလုံးသည် အချင်းချင်းအပြန်အလှန်မှီခိုဆက်စပ်နေပြီး လူသားတို့အား အကျိုးပြုနိုင်မှုကိုမဆိုလိုဘဲ သက်ရှိအားလုံးတန်ဖိုးရှိကြောင်း သတိပြုပါ။

(ခ) သက်ရှိလူသားတိုင်း၏ မွေးရာပါဂုဏ်သိက္ခာနှင့်တန်ဖိုး၊ အသိတရား၊ ကြံဆတွေးခေါ်မှု၊ ကျင့်ဝတ်နှင့် ဝိညာဉ်ရေးစွမ်းအားများကို ယက်ခံယုံကြည်သိမှတ်ရမည်။

(၂) သက်ရှိအဖွဲ့အစည်းကြီးကိုချစ်ခြင်းမေတ္တာ၊ နားလည်မှု၊ စာနာမှုတို့ဖြင့် စောင့်ရှောက်ကာကွယ်ပါ။

(က) သဘာဝသယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွဲဝေအသုံးပြုခွင့်နှင့်အတူ ပတ်ဝန်းကျင်ပျက်ဆီးမှုအန္တရာယ်ကိုကာကွယ်ရန်နှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်းသတိပြုရမည်။

(ခ) လွတ်လပ်မှု၊ အသိပညာနှင့် အာဏာအစွမ်းသတ္တိတို့ တိုးတက်လာသည်နှင့်အမျှ လူသားထု၏ကောင်းကျိုးကို မြှင့်တင်ရန်တာဝန်ရှိလာကြောင်း သတိရပါ။

(၃) တရားမျှတ၍ ငြိမ်သက်အေးချမ်းပြီးတည်တံ့ခိုင်မြဲသော လက်တွေ့ကျသောဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ထောင်ရန်၊

(က) လူ့အဖွဲ့အစည်းတိုင်းတွင် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ရှိပြီး လူသားတိုင်း၏ ပင်ကိုယ်အရည်အသွေးကို အသိအမှတ်ပြုလက်ခံရမည်။

(ခ) လူမှုရေးနှင့် စီးပွားရေးတရားမျှတမှုရှိစေရန် မြှင့်တင်ပေးခြင်းဖြင့် လူသားတိုင်းလုံခြုံမှုရှိပြီး အဓိပ္ပါယ်ရှိသော ဂေဟဗေဒအပေါ် တာဝန်ကျေပွန်သော လူ့ဘဝကိုပိုင်ဆိုင်ခွင့် ရှိစေရမည်။

(၄) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာကြီး၏ကြွယ်ဝချမ်းသာမှု(သယံဇာတ)နှင့် အလှတရားကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(က) မျိုးဆက်တစ်ခုစီ၏လုပ်ပိုင်ခွင့်ကို အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များအားဖြင့် တိုင်းတာရမည်၊

(ခ) ကမ္ဘာ့လူသားနှင့် ဂေဟဗေဒပတ်ဝန်းကျင်အဖွဲ့အစည်း ရေရှည်တိုးတက်နိုင်မြဲရေးကို အားပေးသော အစဉ်အလာများ ၊ စည်းမျဉ်းများနှင့် စံထားသတ်မှတ်မှုပုံစံများကို အနာဂတ်မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးရမည်။

### ၂။ ဂေဒဗေဒသဘောအရ ကြွယ်ဝပြည့်စုံခြင်း

(၅) ကွဲပြားသောဇီဝမြစ်စဉ်နှင့် ဇီဝသက်ရှိများ၏ဘဝကိုထောက်မပေးသော သဘာဝတရား၏ကြွယ်ဝပြည့်စုံမှုကို ထိန်းသိမ်းစောင့်ရှောက်လျက် ကမ္ဘာမြေ၏ဂေဟဗေဒထိန်းကျောင်းမှုပုံစံကောင်းမွန်လာစေရန်။

(က) ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးတွင် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖော်ဆောင်ပေးမည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ နည်းလမ်းများဖြင့် အစားထိုးအသုံးပြုသင့်သည်။

(ခ) ပြောင်းလဲကွဲပြားမှုရှိသောသဘောတရားနှင့် ဇီဝပတ်ဝန်းကျင်ကို တည်ဆောက်ထိန်းသိမ်းခြင်း၊ မြေလွတ်မြေရိုင်းများနှင့် ပင်လယ်ရေပြင်အပါအဝင် ကမ္ဘာကြီး၏သက်ရှိလောကကိုပံ့ပိုးပေးသော သဘာဝထိန်းကျောင်းမှုစနစ်နှင့် သဘာဝအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်နှင့်ကြုံတွေ့နေရသော ဇီဝမျိုးများနှင့် ဂေဟဗေဒနည်းစနစ်များကို ပြန်လည် ကာကွယ်ထိန်းသိမ်းရမည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝမျိုးဆက်(မျိုးစေ့)များ ပျောက်စေနိုင်သော မျိုးစပ်ကပြားများအသုံးပြုမှုနှင့် တင်သွင်းခြင်းကို အမြဲကြပ်ကိုက်လုပ်ရမည်။

(င) သယံဇာတအရင်းအနှီးအဖြစ် ပြန်လည်အသုံးပြုနိုင်သော ရေ၊ မြေ၊ သစ်တောထွက်ပစ္စည်းများ၊ ပင်လယ်သတ္တဝါများကို ကြာရှည်ခံပြီး ဂေဟဗေဒစနစ်ကိုကာကွယ်ရာရောက်သောနည်းများဖြင့် စနစ်တကျအသုံးချရန်လိုအပ်ပါသည်။

(စ) ပြန်လည်အသုံးမချနိုင်သော သယံဇာတများဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုများကို ထုတ်ယူသုံးစွဲခြင်း၌ ဖျက်စီးဆုံးရှုံးမှု ပြုန်းတီးမှုနှင့် ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် စနစ်တကျစီမံခွဲဝေအသုံးပြုရန်။

(၆) ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရန် အကောင်းဆုံးနည်းလမ်းများမှာ အန္တရာယ်ကိုတားမြစ်ခြင်းဖြစ်ပြီး ဗဟုသုတနည်းသူများအား ကြိုတင်သတိပေးခြင်း၊ ပညာပေးခြင်းများပြုလုပ်ရမည်။

(က) သိပ္ပံပညာ ဗဟုသုတနည်းပါးခြင်း (သို့) မကြွယ်ဝခြင်းပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်အား ပြုပြင်၍မရအောင် ဆိုးရွားသောအန္တရာယ် ကျရောက်စေနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားနိုင်ရန် အရေးယူဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ စီမံကိန်းလုပ်ဆောင်ချက်များသည် ပတ်ဝန်းကျင်ကိုအန္တရာယ်မဖြစ်နိုင်ကြောင်း သက်သေပြနိုင်ရန်နှင့် ဖြစ်ပေါ်လာမည့်အန္တရာယ်များအတွက် တာဝန်ယူ ဖြေရှင်းစေရမည်။

(ဂ)ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက် လုပ်ဆောင်ချက်များသည် ရေရှည်အကျိုးသက်ရောက်မှု၊ တိုးတက်မှုရှိသော ဆုံးဖြတ်ချက်များ ဖြစ်ရန်လိုသည်။

(ဃ) သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေမည့် လုပ်ဆောင်ချက်ဟူသမျှကို ကာကွယ်တားဆီးရန်နှင့် ရေဒီယိုသတ္တုကြွပစ္စည်းများ၊ အဆိပ်အတောက်များနှင့် အန္တရာယ်ဖြစ်စေမည့်အရာများ ပြုလုပ်ဖန်တီးတည်ဆောက်မှုမျိုးကို ခွင့်မပေးသင့်ပေ။

(င) သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှုဖြစ်ပေါ်စေသော စစ်ရေးလုပ်ဆောင်ချက်များ၊ စစ်ပက်ဖြစ်ပွားခြင်း၊ လက်နက်ဖန်တီးတပ်ဆင်ခြင်းကို ရှောင်ရှားရမည်။

(၇) ကမ္ဘာမြေကြီး၏ မျိုးဆက်ပွားများမှု၊ လူ့အခွင့်အရေးများနှင့် လူ့အဖွဲ့အစည်းတိုးတက်မှုကို ကာကွယ်ပေးသော ကုန်ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် မျိုးပွားမှုနည်းစနစ်များကို ဆင်ပွားကျင့်သုံးကြရမည်။

(က) ကုန်ထုတ်လုပ်မှုနှင့် သုံးစွဲမှုစနစ်တွင် ကုန်ကြမ်းအရင်းအမြစ်လျှော့ချခြင်း၊ ပြန်လည်အသုံးချခြင်း၊ ပြုပြင်ပြောင်းလဲ၍ အသုံးပြုခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါပြုပြင်ပြောင်းလဲအသုံးပြုမှုစနစ်သည် ဂေဟဗေဒနည်းပညာများနှင့် သဟဇာတဖြစ်ရန်လိုအပ်သည်။

(ခ) နေရောင်ခြည်အားနှင့် လေမှရသော ထပ်တလဲလဲအသုံးပြုနိုင်သော အရင်းအမြစ်များကို ပိုမိုအားထားအသုံးချရန်နှင့် သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းတတ်ရန်လိုအပ်ပါသည်။

(ဂ) သဘာဝပတ်ဝန်းကျင်အတွက် သင့်တော်လျော်ကန်သောနည်းပညာများကို မြှင့်တင်ခြင်း၊ ဖော်ထုတ်ခြင်း၊ ဆင်ပွားပေးခြင်းနှင့် မျှဝေသုံးစွဲခြင်းကိုအားပေးရမည်။

(ဃ) ကုန်စည်အရောင်းတန်ဖိုးတွင် ထိုကုန်စည်အတွက် သဘာဝပတ်ဝန်းကျင်နှင့် ပေးမှုရေးကုန်ကျစရိတ်ကို ထည့်သွင်းသတ်မှတ်ပေးရန်နှင့် စားသုံးသူများဘက်မှ သဘာဝပတ်ဝန်းကျင်နှင့် အဆင့်အတန်းမီအရည်အသွေးမြင့်မားသော ကုန်ထုတ်လုပ်မှု/ထွက်ကုန်များကို ရွေးချယ်သတ်မှတ်စေရမည်။

(င) သက်ဆိုင်ရာမျိုးပွားမှုနှင့် သဘာဝတိုးပွားမှုစနစ်ကို မြှင့်တင်ဖော်ထုတ်ပေးသော ကမ္ဘာ့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်ကို စောင့်ရှောက်ထိန်းသိမ်းကြရမည်။

(စ) အကန့်အသတ်တစ်ခုအတွင်းရှိ ကမ္ဘာပေါ်မှသက်ရှိအသက်ရှိအရည်အသွေးပြည့်ဝမှုနှင့် ရုပ်ဝတ္ထုပစ္စည်းဖူလုံမှုကို အလေးထားသော လူနေမှုစနစ်ကို အစားထိုးကျင့်သုံးရမည်။

(၈) တည်မြဲသောဂေဟဗေဒဆိုင်ရာပညာများကို ကျွမ်းကျင်တတ်မြောက်အောင်လေ့လာပြီး ရရှိထားသောအသိပညာဗဟုသုတများကို အချင်းချင်းလက်ဆင့်ကမ်းကာ အကျယ်တဝင့် ကျင့်သုံးသွားရန်။

(က) အပြည်ပြည်ဆိုင်ရာသိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားပေးကူ

ညီရုံမျှမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်ကို အထူးလေးလေး ဖြည့်ဆည်းဆောင်ရွက်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ဘဝကောင်းကျိုးကိုဖော်ဆောင်ပေးသော ရိုးရာယဉ်ကျေးမှု၊ အသိပညာ၊ ဘာသာတရား၊ ယုံကြည်သွန်သင်ချက်များကို လေးစားလိုက်နာစောင့်ရှောက်ကြရမည်။

(ဂ) နိုင်ငံတော်အတွင်း ကြံ့ခိုင်သောလူ့အဖွဲ့အစည်းအတွက် အရေးကြီးသောသတင်းအချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးဆက်ဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးနိုင်ခြင်းအခွင့် ရှိရမည်။

၃။ လူမှုရေးနှင့်စီးပွားရေးတရားမျှတမှု

(၉) ဆင်းရဲခြင်းကို လူမှုရေး၊ ကျင့်ဝတ်(ယဉ်ကျေးမှု)နှင့် သဘာဝပတ်ဝန်းကျင်တရားအရ ပပျောက်စေရေးအတွက် လုပ်ဆောင်ရန်။

(က) သန့်ရှင်းသောသောက်သုံးရေ လေ၊ အစားအစာ၊ မြေဆီလွှာ၊ အိုးအိမ်နှင့် အညစ်အကြေးစွန့်ပစ်မှုစသော ပြည့်တွင်းနှင့် နိုင်ငံတကာမှလိုအပ်သောအရင်းအမြစ်များကို အသုံးပြုခွင့် အာမခံချက်ရှိရမည်။

(ခ) သက်ရှိလူသားတိုင်းအတွက် တည်မြဲသောအသက်တာဘဝကိုဖန်တီးနိုင်ရန် ပညာရေးနှင့်သဘာဝအရင်းအမြစ်များကိုပံ့ပိုးပေးခြင်း၊ မိမိဘာသာရပ်တည်နိုင်စွမ်းမရှိသေးသောသူများအဖို့ လူမှုရေး၊ လုံခြုံမှု၊ အိုးအိမ်အရိပ်ခိုလှုံရာများ ဖန်တီးပေးရမည်။

(ဂ) အပယ်ခံလူသားများကို လက်ခံအသိအမှတ်ပြုရမည်။ ဘဝလုံခြုံမှုကင်းမဲ့နေသူများကိုကာကွယ်ပေးရန်၊ ဒုက္ခဝေဒနာခံစားနေရသူများအတွက် ကူညီမစာစေခြင်း၊ ထိုသူများ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ ရည်မှန်းချက်၊ ခံယူချက်နိုင်မြဲ အောင်လမ်းညွှန်ပေးခြင်း။

(၁၀) စီးပွားရေးလုပ်ငန်းစီမံကိန်းများနှင့် အဖွဲ့အစည်းများသည် တရားမျှတပြီး ရေရှည်တည်တံ့နိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရမည်။

(က) မိမိတိုင်းပြည်အတွင်းနှင့် နိုင်ငံများအကြား ကြွယ်ဝမှုကိုမျှတစွာခွဲဝေသုံးစွဲကြရေး၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံများရှိလူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် နည်းပညာဆိုင်ရာအရင်းအမြစ်များကို ပိုးမြှင့်စေရေးနှင့် အပြည်ပြည်ဆိုင်ရာကြီးလေးသောကြွေးမြီတင်ရှိမှုကို လျော့ပါးစေရေးအတွက်ဆောင်ရွက်ရန်။

(ဂ) ကုန်သွယ်မှုမှန်သမျှအားလုံးသည် တည်မြဲသောအရင်းအမြစ်သုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှု၊ လုပ်အားအဆင့်အတန်းမြင့်မားတိုးတက်မှုကို ထောက်ပံ့ပေးနိုင်ရေး။

(ဃ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာဘဏ္ဍာရေး၊ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လူထုကောင်းကျိုးအတွက် ဦးတည်ဆောင်ရွက်ကြရန်နှင့် မိမိတို့စီမံကိန်းများ၏ အကျိုးဆက်များအတွက် တာဝန်ယူကြရမည်။

(၁၁) တည်တံ့နိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာတွင် အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိရေးနှင့် တရားမျှတမှုသည် အခြေခံကြိုတင်လိုအပ်ချက်ဖြစ်ကြောင်း သိမှတ်ရမည်။ နိုင်ငံတကာအရင်းအမြစ်များကို ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းအတွက်အသုံးပြုရေး။

(က) အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် အကြမ်းဖက်မှုများကို ရှောင်ကြဉ်ရန်။

(ခ) စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုအခန်းကဏ္ဍတိုင်းတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆွေးနွေးအကြံပေးဆုံးဖြတ်ပိုင်ခွင့်၊ ဦးဆောင်နိုင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိစေရမည်။

(ဂ) အိမ်ထောင်မိသားစုများအတွင်းချစ်ခင်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှုဓလေ့များကို ထောက်ခံအားပေးရမည်၊

(၁၂) လူသားတို့၏ဂုဏ်သိက္ခာ၊ ရုပ်ခန္ဓာကျန်းမာရေး၊ စိတ်ဝိညာဉ်တိုးတက်ရေးတို့ကို ထောက်မပေးသော သဘာဝနှင့် လူမှုရေးပတ်ဝန်းကျင်ကို အလေးပေးကာ လူနည်းစုတိုင်းရင်းသားများအပေါ် လေးစားတန်ဖိုးထားရန်၊ အဆင့်အတန်းမခွဲဘဲ မြှင့်တင်ပေးရန်။

(က) လူမျိုးရေး၊ အသွေးအရောင်၊ ကျားမကွဲပြားမှု၊ ဘာသာရေး၊ ဘာသာစကား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးအရ အဆင့်အတန်းခွဲခြားမှုဟူသမျှကို တိုက်ထုတ်ရမည်။

(ခ) တိုင်းရင်းသားများ၏ သက်ဝင်ယုံကြည်မှု၊ ဗဟုသုတ၊ ရေမြေနှင့် သဘာဝအရင်းအမြစ်နှင့် သက်ဆိုင်ရာအသက်ရှင်မှုပုံစံများကို အသိအမှတ်ပြုလေးစားကာ ကာကွယ်ပေးရမည်။

(ဂ) ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအတွင်းရှိလူငယ်များကို လေးစားအသိအမှတ်ပြုကာ တည်မြဲသောလူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ၎င်းတို့၏အခန်းကဏ္ဍ၌ ပီပြင်စွာပါဝင်စွမ်းဆောင်နိုင်ရန် အားပေးသင့်သည်။

(ဃ) ယဉ်ကျေးမှုနှင့် ဘာသာရေးအရ ထူးခြားကျော်ကြားသော နေရာများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။

## ၄။ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးဝါဒ

(၁၃) ဒီမိုကရေစီကျသော အဖွဲ့အစည်းများပေါ် ပေါက်ရေးကိုအားပေးကာ အစိုးရအဖွဲ့အစည်းတွင် ပါဝင်ပတ်သက်ဆွေးနွေးပြောဆိုခွင့်နှင့် တရားမျှတမှုအတွက် ဖော်ထုတ်ပြောဆိုဆုံးဖြတ်ပိုင်ခွင့်ရှိစေရေး။

(က) လူသားတိုင်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ၎င်းတို့အပေါ် အကျိုးသက်ရောက်လာနိုင်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် လုပ်ငန်းစဉ်များ၊ အခြားပြင်းပြစွာစိတ်ဝင်စားသိရှိလိုသောသတင်းအချက်အလက်များကို အချိန်မှန်မှန်ရှင်းလင်းသေချာစွာ ရယူသိရှိခွင့် ပိုင်ဆိုင်စေရမည်။

(ခ) ဒေသအတွင်း၊ ဒေသန္တရနှင့် ကမ္ဘာ့မြို့ပြအဖွဲ့အစည်းကို ထောက်ခံအားပေးရန် စိတ်ပါဝင်စားသူတိုင်း အဓိပ္ပါယ်ရှိရှိ ထက်ကြွစွာပါဝင်ဆွေးနွေးဆုံးဖြတ်ခွင့်ရှိစေရန် အားပေးရမည်။

(ဂ) လွတ်လပ်စွာတွေးခေါ်ယူဆခြင်း၊ ဆွေးနွေးပြောဆိုခွင့်၊ ငြိမ်းချမ်းသောစည်းဝေးခြင်း၊ ညီလာခံပြုလုပ်ခြင်း၊ သင်းဖွဲ့ခြင်းနှင့် ငြင်းဆန်ပြောဆိုခွင့် ရှိစေရမည်။

(ဃ) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအန္တရာယ်နှင့် ထိုအန္တရာယ်၏ခြိမ်းခြောက်မှုများကို ဖြေရှင်းပြုပြင်နိုင်ရန်အတွက် ထိရောက်ပြီး လုံလောက်သောအုပ်ချုပ်မှုနှင့် လွတ်လပ်သောတရားစီရင်မှုနည်းလမ်းများကို ဖော်ထုတ်ကြရမည်၊

(င) လူထုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအတွင်း စာရိတ္တပျက်ပြားမှုများကို ဖယ်ရှားပစ်ရမည်။

(စ) ဒေသအတွင်းရှိ လူ့အဖွဲ့အစည်းများကို မိမိတို့၏ပတ်ဝန်းကျင်အား ကာကွယ်ထိန်းသိမ်းရန်အားပေးရမည်၊ အစိုးရအဖွဲ့အစည်းများအားလည်း ၎င်းတို့အနေဖြင့် ထိရောက်စွာဆောင်ရွက်သွားနိုင်သော အခန်းကဏ္ဍများတွင် တာဝန်ယူစေရမည်။

(၁၄) တည်မြဲကြာရှည်ခံသော အသက်ရှင်မှုအတွက် လိုအပ်သောပညာဗဟုသုတ၊ တန်ဖိုးစံသတ်မှတ်ချက်များ၊ စွမ်းရည်များကို ကျောင်းပညာရေးပုံစံနှင့် အသက်တာတစ်လျှောက်လုံးလက်တွေ့လေ့လာသင်ယူမှုများ ပူးတွဲပြုလုပ်ဖန်တီးပေးရမည်။

(က) လူတိုင်း အထူးသဖြင့်လူငယ်များအား တာရှည်ခံသောဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်လာစေသော ပညာသင်ယူခွင့်ရရှိစေရန် ဖန်တီးပေးရမည်။

(ခ) ကြာရှည်တည်တံ့နိုင်မြဲရေးပညာပေးရာတွင် သိပ္ပံနည်းပညာ၊ အနုပညာနှင့် လူသားတို့၏ပါဝင်မှုကို လက်ခံအားပေးရမည်။

(ဂ) ဂေဟာဗေဒနှင့် လူမှုရေးပြဿနာ ပြောင်းလဲမှုများကိုသိရှိစေရန်အတွက် လူထုအတွင်း သတင်းဆက်သွယ်ရေးနည်းလမ်းများကို တိုးမြှင့်ပေးရမည်။

(ဃ) တည်မြဲသောအသက်ရှင်မှုတွင် ဗိညာဉ်ရေးရာအသိပညာနှင့် အကျင့်စာရိတ္တတို့သည် အရေးပါကြောင်းသိမှတ်ရမည်။

(၁၅) ဇီဝသက်ရှိအားလုံးအပေါ် လေးစားတန်ဖိုးထား အသိအမှတ်ပြုခြင်း။

(က) လူ့အဖွဲ့အစည်းအတွင်းရှိ အိမ်မွေးတိရစ္ဆာန်များအား ရက်စက်စွာသတ်ဖြတ်ညှဉ်းဆဲခြင်းကို တားမြစ်ရန်နှင့် တိရစ္ဆာန်များ၏ လုံခြုံမှုကိုကာကွယ်ပေးရမည်၊

(ခ) တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်း၊ ဖမ်းဆီးခြင်း၊ ငါးမျှားခြင်းစသည့် လုပ်ရပ်များကို ပိတ်ပင်တားမြစ်ရမည်။

(ဂ) ကြိုးစိုင်းဖြင့်ပင်ရှိ တိရစ္ဆာန်မျိုးဆက်များပျက်စီးပြုန်းတီးမှုကို အတတ်နိုင်ဆုံးရှောင်ရှားတားဖြစ်ရမည်၊

(၁၆) ငြိုးငြင်ချွေတာမှု၊ အကြမ်းမဖက်ရေးနှင့် ငြိမ်းချမ်းရေးဓလေ့များကို အားပေးမြှင့်တင်ရေး။

(က) နိုင်ငံအသီးသီးနှင့် ထိုနိုင်ငံများအကြား လူသားအားလုံးအပြန်အလှန်နားလည်မှု၊ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဓလေ့များကို ထောက်ခံအားပေးရမည်။

(ခ) ဆိုးရွားသောပြဿနာများကို ကာကွယ်တားမြစ်နိုင်ရန်အတွက် ဘက်စုံနည်းဗျူဟာများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုနည်းပညာကိုလည်းကောင်း အသုံးပြုရမည်၊

(ဂ) နိုင်ငံတော်လုံခြုံရေးစနစ်များတွင် စစ်အသွင်ပပျောက်စေပြီး အငြင်းမပွားရန် ကာကွယ်ရေးအသွင်သို့ ပြောင်းလဲကာ စစ်ရေးအသုံးစရိတ်များကို အခြားငြိမ်းချမ်းရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းများတွင် ပြောင်းလဲအသုံးချသင့်သည်။

(ဃ) လူ့ထုအကျိုးကိုဖျက်ဆီးမည့် အဏုမြူစွမ်းအင်၊ ဇီဝနည်းပညာနှင့် အဆိပ်အတောက်ဖြစ်စေမည့် လက်နက်များ၊ အခြားလက်နက်ပစ္စည်းများထုတ်လုပ်ခြင်းကို တားမြစ်ပယ်ဖျက်ပစ်ရမည်။

(င) ကမ္ဘာ့ဖြင်ပဂိုလ်သွားလမ်းကြောင်းနှင့် လဟာပြင်လောကကြီးအားလေ့လာစူးစမ်းမှုများသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုနှင့် ငြိမ်းချမ်းရေးကို အားပေးဖော်ဆောင်နိုင်ရန်လိုအပ်ပေသည်။

(စ) ငြိမ်းချမ်းရေးဆိုသည်မှာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူများ၊ အခြားသောယဉ်ကျေးမှု၊ လူနေမှုဘဝ၊ ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့နှင့်စပ်ဆိုင်နေသောဖြစ်စဉ်သက်ရှိလောကကြီးတစ်ခုလုံးနှင့် တစ်လုံးတစ်ဝတည်း တစ်သားတစ်ကိုယ်တည်း ပေါင်းစပ်ပြည့်စုံခြင်းပင်ဖြစ်သည်။

ရှေ့သို့ခြေလှမ်းများ

အတိတ်သမိုင်းတွင်မရှိခဲ့ဘူးသော ဆိုးရွားသည့်ကြမ္မာအခြေအနေများက ကျွန်ုပ်တို့အား အသစ်ပြန်လည်အစပြုရန်တွန်းပို့လျက်ရှိသည်။ ထိုသို့ ပြန်လည်ဆန်းသစ်ရန်အတွက် ဤကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုစာချွန်လွှာပါအချက်များက မျှော်လင့်ချက်ရောင်ခြည်ကို ထင်ဟပ်စေသည်။ ထိုမျှော်လင့်ချက်ပြည့်ဝစေရန်အတွက်မူ ကျွန်ုပ်တို့အားလုံးပင် စာချွန်လွှာပါ ရည်မှန်းချက်၊ ဦးတည်ချက်၊ စံထားသတ်မှတ်ချက်များကို ဝန်ခံကာ လက်ခံကျင့်သုံးလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရန်အတွက် စိတ်သဘောထားခံယူချက်များကိုပြောင်းလဲပစ်ရပေမည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ သက်ရှိသက်မဲ့အရာများအားလုံး အပြန်အလှန်ဆက်စပ်မှီခိုနေကြောင်း ကမ္ဘာလူသားအားလုံး၌ တာဝန်ရှိကြောင်းကို သိရှိနားလည်ရမည်။ ကျွန်ုပ်တို့၏ဒေသအတွင်း၊ မြို့ရွာအတွင်း၊ နိုင်ငံအတွင်း၊ ကမ္ဘာကြီးတစ်ခုလုံး တည်မြဲကြာရှည်ခံသော အသက်ရှင်နိုင်မှုနည်းများကို မန်တီးကြံဆလုပ်ဆောင်သွားရန်လိုအပ်သည်။ ကွဲပြားသောယဉ်ကျေးမှု အမွေအနှစ်များက ထိုရည်မှန်းချက်ကို သဘောပေါက်နိုင်မည့်သီးခြားအမြင်၊ နည်းလမ်းများရှိပေသည်။ ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုစာချွန်လွှာကို မွေးဖွားပေးခဲ့သော ကမ္ဘာ့ဘာသာစကားကို လေးအနက်ထားကာ တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် အမှန်တရားနှင့် ဉာဏ်ပညာကို ပူးပေါင်းရှာဖွေလေ့လာကြရပေမည်။

လူ့ဘဝတွင် အရေးကြီးသောအရာများ၊ စံထားချက်များအကြား၌ ရွေးချယ်ရန်ခက်ခဲသော အခြေနေမျိုးနှင့်လည်းကြုံရဘတ်သည်။ သို့စေကာမူ ကွဲပြားမှုများကြားမှ စည်းလုံးညီညွတ်မှု၊ အများအကျိုးနှင့်လွတ်လပ်မှု၊ ရေရှည်ရည်မှန်းချက်ပန်းတိုင်နှင့် အချိန်တိုဦးတည်ချက်များအကြား မျှတအောင်ညှိနိုင်နိုင်မည့်နည်းလမ်းကို ရှာဖွေရွေးချယ်ကြရပေမည်။ ပုဂ္ဂိုလ်တစ်ဦးစီတိုင်း မိသားစု၊ အဖွဲ့အစည်း၊ အသိုင်းအဝိုင်းတစ်ခုစီ၌ ပါဝင်ဆောင်ရွက်ရမည့်အခန်းကဏ္ဍတစ်ခုစီရှိပေသည်။ သိပ္ပံပညာ၊ အတတ်ပညာ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သတင်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအားလုံးပင် ခေါင်းဆောင်ကဏ္ဍမှ ပါဝင်ကြရန်ဖြစ်သည်။ အစိုးရအဖွဲ့၊ ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုသာလျှင် ထိရောက်သောအုပ်ချုပ်မှုစနစ်ကို ဖန်တီးနိုင်ပေသည်။

တည်တံ့ခိုင်မြဲသော ကမ္ဘာ့အဖွဲ့အစည်းကြီးကိုတည်ဆောက်ရန်အတွက် ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ဂတိဝန်ခံချက်ကို ပြန်လည်ဆန်းစစ်ကာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အောက်ရှိ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံတကာမှ ပာမေးဝင်သတ်မှတ်ချက်များနှင့်အတူ ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုစာချွန်လွှာကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် သောက်ပံ့ကူညီသင့်သည်။

ယနေ့ ကျွန်ုပ်တို့၏ရွေးချယ်မှုသည် လူ့ဘဝကိုလေးစားတန်ဖိုးထားရန် ပြန်လည်နိုးထလာခြင်း၊ ကမ္ဘာကြီး၏ တည်တံ့ခိုင်မြဲမှုကို ဖော်ထုတ်နိုင်ခြင်း၊ ငြိမ်းချမ်းရေးနှင့် တရားမျှတ၍သာယာပျော်ရွှင်သောလူမှုဘဝကိုဖော်ဆောင်ရာတွင် တွင် တွန်းအားပေးနိုင်ခြင်းရှိကြောင်း သမိုင်းတွင်ကျန်ရစ်စေရန် ကြိုးစားရွေးချယ်ကြပါစို့ဟု နိုးဆော်လိုက်ရပေသည်။

* * * * * *